# မင်းမြတ်သူရ

လိုတာရကဲ့ကြီးရှင်



# လိုတရကံကြီးရှင်

တစ်နေ့သ၌ စည်ကားသောရွာကြီးတစ်ရွာ၏ အစွန်အဖျားတွင်ရှိသော ဘုန်းကြီးကျောင်း အတွင်းသို့ အသက်(၅၀)ဝန်းကျင် လူကြီးတစ်ဦးသည် ကလေးငယ်တစ်ဦးကို လက်ဆွဲကာ ဝင်ရောက်လာလေ၏။

လူကြီးသည် ကျောင်းပေါ်သို့ရောက်သောအခါ ကိုရင်လေးတစ်ဦးကိုမေး၍ ဆရာတော်ကြီး ကျိန်းစက်ရာအခန်းသို့ တန်းဝင်သွားလေ၏။ ဆရာတော်ကြီးသည် ဆေးကျမ်းတစ်စောင်ကို ရေးသားနေရာမှ ခေါင်းမော့ကြည့်ပြီးလျှင် . . .

"ဟင် . . . မင်း . . . ကြီးမောင် မဟုတ်လား"

ဟု လူကြီးကိုမေးမြန်းလေရာ လူကြီးက ရိုသေစွာ လက်အုပ်ချီ၍ . . .

"ဟုတ်ပါတယ် ဆရာတော်ဘုရား၊ တပည့်တော် ကြီးမောင်ပါ၊ ဆရာတော်နဲ့မတွေ့ရတာ ၁၀-နှစ်ကျော်ပြီထင်ပါတယ်ဘုရား၊ တပည့်တော်လည်း သမုဒ္ဒရာဝမ်းတစ်ထွာ ဆိုတဲ့စကားရှိတဲ့ အတိုင်း စားရေးသောက်ရေးအတွက် ရုန်းကန်နေရလို့ မအားလပ်နိုင်ဘဲရှိပါတယ်"

ဟု လျှောက်တင်လိုက်လေ၏။ ဆရာတော်က ကလောင်တံကိုချ၍ . . .

"သံသရာထဲက မလွတ်မြောက်နိုင်သေးသရွေ့တော့ ဒီလိုပဲကြီးမောင်၊ ဒါထက် ဒီကလေးက ဘယ်သူတုံး၊ မင်းရဲ့ သားလား"

ဟု လူကြီးနှင့်အတူပါလာသော ကလေးငယ်ကို ကြည့်၍ မေးမြန်းလေရာ လူကြီးက . . .

"တပည့်တော်မှာ သားသမီးမထွန်းကားပါဘူး၊ ဒီကလေးရဲ့ မိဘနှစ်ပါးက ပုလိပ်ရောဂါနဲ့ဆုံးပါးသွားလို့ တပည့်တော်က မွေးစားထားတာပါ၊ အခု ဆရာတော် ကျောင်းကိုလာတာလည်း ဒီကလေး ကိစ္စပါပဲ"

ဟု လျှောက်တင်လေ၏။ ဆရာတော်က အသက် ဆယ့်သုံးနှစ်အရွယ် ကလေးငယ်၏ ရုပ်လက္ခဏာကိုကြည့်၍ . . .

"ဥပဓိရုပ်ကတော့ ကောင်းတယ်ဟေ့၊ ပြောပါဦး"

ဟု မေးမြန်းလေရာ လူကြီးက . . .

"တပည့်တော်ရဲ့ အိမ်သူဇနီး ဆုံးသွားပြီးတဲ့နောက်မှာ စီးပွားရေးအတော်ကျပ်တည်းပါတယ် ဘုရား၊ ရှိတဲ့ အိမ်ကလေးကိုလည်း ဆွေမျိုးတွေဝိုင်းပြီး အမွေခွဲတာနဲ့ ရောင်းလိုက်ရပါတယ်၊ ဒါကြောင့် နေစရာအိမ်တောင်မရှိပါဘူး၊ အခု အောက်ပြည်အောက်ရွာကိုဆင်းပြီး အလုပ်လုပ်ဖို့ ကြံတဲ့အခါ ဒီကလေးက ကိုးလိုးကန့်လန့် ဖြစ်နေပါတယ်၊ ဒါကြောင့် ဆရာတော်ကို လျှောက်ထား ပြီး ကျောင်းမှာအပ်ထားချင်လို့ပါ"

ဟု လျှောက်တင်လေ၏။ ဆရာတော်က ခေါင်းညိတ်၍ . . .

"အေး . . . မင်း ဒီလိုပြောတော့မယ်လို့ ငါ ထင်တော့ထင်သားပဲ၊ ကျောင်းမှာလည်း ကျောင်းသားတွေ ရှိသားပဲကွ၊ ဒါကြောင့် ကလေးကို ထားချင်ရင် ကျောင်းသားအနေနဲ့ထားပေ့ါ ကွာ"

ဟု မိန့်ကြားလေရာ လူကြီးက လက်အုပ်ချီ၍ . . .

"ဆရာတော် သဘောအတိုင်းပါ"

ဟု လျှောက်တင်လေ၏။ ဆရာတော်က . . .

"ကလေးနာမည် ဘယ်လိုခေါ်သလဲ"

ဟု မေးမြန်းလေရာ ကလေးက လက်အုပ်ချီ၍ . . .

"မောင်သူရပါဘုရား"

ဟု လျှောက်တင်လေ၏။ ဆရာတော်က ခေါင်းညိတ်၍ . . .

"အိမ်း . . . သူရဆိုတော့ ရဲစွမ်းသတ္တိရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ငါ့ကျောင်းကတော့ ပကာသနကျောင်းမဟုတ်ဘူး၊ ငါကိုယ်တိုင် ခေါင်းအုံးတစ်လုံး ဖျာတစ်ချပ်နဲ့ပဲ ကိစ္စပြီးတယ်"

ဟု မိန့်လေ၏။ ထိုညက ဦးကြီးမောင်နှင့် မောင်သူရသည် ဆရာတော်၏ ကျောင်းမှာပင် အိပ်စက်ကြလေ၏။

ငင်းတို့သည် နောက်တစ်နေ့နံနက် အရုဏ်မတက်မီ တုံးမောင်းခေါက်သံကြောင့် အိပ်ရာမှ နိုးလေ၏။ ကျောင်းသားများလည်း အိပ်ရာမှထ၍ ယာဂုကျိုခြင်း၊ ရေနွေးကျိုခြင်း၊ အရုဏ်ဆွမ်းချက် ခြင်း၊ တံမြက်လှည်းခြင်း စသောအမှုများကို ပြုကြကုန်၏။ ဦးကြီးမောင်နှင့် မောင်သူရသည် ကျောင်းအနောက်ဘက်သို့ သွားကာ မျက်နှာသစ်၍ ကိုယ်လက်သုတ်သင်လေ၏။

ခဏကြာလျှင် သံဃာတော်များ ယာဂုဘုဉ်းပေးပြီးနောက် မောင်သူရတို့ ယာဂု သောက်ခွင့် ရလေ၏။

ထို့နောက် နေ့ကျောင်းသားများ ရောက်လာသောအခါ ဘုရားရှိခိုးကြလေ၏။ မောင်သူရ လေးသည် ကျယ်လောင်စွာအော်ဟစ်၍ ဘုရားရှိခိုးနေသော သူနှင့်ရွယ်တူ ဘုန်းကြီးကျောင်းသား လေးများကိုကြည့်၍ ကျောင်းသား ဖြစ်ချင်နေမိ၏။

ဘုန်းကြီးကျောင်းသားဘဝသည် ပျော်စရာ အလွန်ကောင်းသည်ဟု ထင်မိ၏။

* *

ညနေစောင်းသောအခါ မောင်သူရ၏ မွေးစားဖခင် ဦးကြီးမောင်က . . .

“မောင်သူရ ဒီကျောင်းမှာ နေရစ်တော့၊ ဦးလေး အခုပဲ ကားကြိုနဲ့ အောက်ပြည်အောက်ရွာ ကို သွားတော့မယ်”

ဟု နှုတ်ဆက်လိုက်လေရာ မောင်သူရသည် ကလေးငယ်မျှသာဖြစ်ပြီး မရင်းနှီးမကျွမ်းဝင် သောဒေသတွင် တစ်ကိုယ်တည်းနေရတော့မည်ဆိုသဖြင့် လွန်စွာ စိတ်အားငယ်သွားလေ၏။ ထို့ကြောင့် မျက်လုံးအစုံမှ မျက်ရည်များ စီးကျလာလေ၏။ ဦးကြီးမောင်က သက်ပြင်းချ၍ . . .

“မငိုရဘူးလေ၊ ဆရာတော်က ဦးလေးရဲ့သူငယ်ချင်းပါ၊ မောင်သူရကို စောင့်ရှောက်မှာပါ၊ ဆရာတော် ကျောင်းမှာ စာကိုကြိုးစားပြီးသင်နော်”

ဟု ချော့မော့ပြောဆိုလေ၏။ မောင်သူရက မျက်ရည်များကို လက်ခုံဖြင့်သုတ်၍ . . .

“ဦးလေး ကျုပ်ဆီကို ဘယ်တော့ပြန်လာမှာလဲ”

ဟု မေးမြန်းလေ၏။ ဦးကြီးမောင်က လက်ကာပြလျက် . . .

“ဦးလေး ပြန်လာမှာပါ၊ ပိုက်ဆံတွေ အများကြီးရအောင် ရှာပြီး ပြန်လာခဲ့မယ်၊ အဲဒီ အချိန်ကျ ရင် မောင်သူရကို အများကြီး ပေးရမယ်”

ဟု ပြောလေ၏။ မောင်သူရက

“ကျုပ်ဘာကိုမှ မလိုချင်ပါဘူး၊ ဦးလေးဘာသာ ပြည့်စုံအောင် ကြိုးစားပါ”

ဟု ပြောလိုက်လေတော့၏။

ထို့နောက်တွင်မူ မွေးစားဖခင်ကြီး ဦးကြီးမောင်သည် မောင်သူရကို ကျေနပ်လောက်အောင် ချော့မော့ပြီး ကျောင်းကြီးထဲမှ ထွက်ခွာသွားရာ ဝေး၍ ဝေး၍ သွားသော ဦးကြီးမောင်၏ နောက်ကျောကို ရီဝေသော မျက်လုံးများနှင့်ကြည့်လျက် မောင်သူရခမျာ အားငယ်ခြင်းပြင်းစွာဖြင့် ကျန်ရစ်ခဲ့ရှာ၏။

ဤကား အသက်တစ်ဆယ့်သုံးနှစ်အရွယ် ကလေးငယ်တစ်ဦး၏ မရည်ရွယ်ပါဘဲလျက် သန့်စင်အေးမြသော ဗုဒ္ဓ၏ ထီးရိပ်အောက်တွင် ခိုနားခွင့်ရသော အကြောင်းတည်း။

*

မောင်သူရသည် နောက်တစ်နေ့မှစ၍ ဦးပဉ္ဇင်းကြီး သုက္ကထံတွင် စတင်ပညာသင် ကြားရလေ၏ ။ သူသည် စာပေမသင်ကြားဘူးသဖြင့် သင်ပုန်းကြီးကို စတင်သင်ကြားရလေ၏ ။ ဦးပဉ္ဇင်းကြီးသုက္ကက ဗျည်း ၃၃လုံးကို အစအဆုံး၊ မသင်ပေးဘဲ က မှ င အထိ အက္ခရာငါးလုံး ကိုသာ စတင်သင်ကြားပေးလေ၏ ။ မောင်သူရသည် "ကကြီး၊ ခခွေး၊ ဂငယ်၊ ဃကြီး၊ င"ဟူ၍ အသံထွက်ပြီး ကျက်မှတ်ရလေ၏ ။ ယင်းကို ဘုန်းကြီးကျောင်း အခေါ်အရ စာသံသည်ဟုခေါ်၏ ။

မောင်သူရ စာအံနေရာသို့ သူနှင့်ရွယ်တူကိုရင်များ ရောက်လာပြီး လှောင်ပြောင်သရော်ကြ လေ၏ ။ ကျောင်းသားအချို့က . . .

"ဟား ဟား ဟား . . . ခွေးကြီးမှ လက်ပေးသင်တယ်ဟေ့၊ ကျည်ပွေ့အတက်ပေါက်မှ ကိုရင်စာတတ်မယ်"

ဟု နောက်ပြောင်လေ၏ ။ ၎င်းတို့သည် မင်္ဂလသုတ်သာမက အတွင်းအောင်ခြင်း၊ အပြင် အောင်ခြင်း ကျွတ်ပြီးသူများဖြစ်၍ မောင်သူရအား လှောင်ပြောင်နိုင်ခြင်းဖြစ်သည်။ မောင်သူရသည် သူ့အား လှောင်ပြောင်နေသူများကို စကားမတုံ့ပြန်တော့ဘဲ မကြာမီ ၎င်းတို့ထက် တော်အောင်ကြိုး စားမည်ဟု ဆုံးဖြတ်လိုက်လေ၏ ။

နောက်တစ်နေ့နံနက် စာပြန်သောအခါ ဉာဏ်ကောင်းသော

မောင်သူရက ကောင်းစွာ ဖြေဆိုနိုင်သဖြင့် ဦးပဥ္စင်းကြီး သုက္ကက . . .

"မောင်သူရ မဆိုးဘူး၊ တော်တယ်"

ဟု ချီးမွမ်းကာ စ မှ ညအထိ တက်ပေးပြန်၏။

မောင်သူရသည် ဦးပဥ္စင်းကြီးက ချီးမွမ်းသဖြင့် စိတ်အားတက်ကြွသွားပြီး ကောင်းစွာ ကျက်မှတ်လေတော့၏။

၁၀ ရက်ကြာသောအခါ မောင်သူရသည် ဗျည်း ၃၃ လုံးကို ကောင်းစွာကျေညက်သွားလေ တော့၏။ ထိုအခါ ဦးပဥ္စင်းကြီးက သရတွဲများကို သင်ကြားပေးပြန်၏။ မောင်သူရသည် သရတွဲများ ကျေညက်သွားသောအခါ သင်ပုန်းကြီးကုန်သွားလေ၏။

ဦးပဥ္စင်းကြီးက သူ့အား သင်ပုန်းကြီးကုန်သော်လည်း အခြားစာများကို တက်မပေးသေးဘဲ သင်ပုန်းကြီးကိုသာ ကျေညက်အောင် သင်ပြပေးလေ၏။

မောင်သူရသည် သင်ပုန်းကြီးကို သုံးခေါက်ပြန်ပြီး သောအခါ ကျောက်သင်ပုန်းပေါ်တွင် ကံ့ကူဆံဖြင့် ဂလုံးအရေးကျင့်ရလေ၏။

ဂလုံးများ ဝိုင်းစက်အောင် ရေးနိုင်ပြီဆိုသောအခါ ဦးပဥ္စင်းကြီးက သူ၏ လက်ဖြင့်ဆုပ်ကိုင်၍ မောင်သူရ၏ လက်အနေအထား မှန်ကန်စေရန် လေ့ကျင့်ပေး၏။ မောင်သူရသည် ကြာသောအခါ ဦးပဥ္စင်း၏ အကူမပါဘဲ စာလုံးများကို သေသပ်ကျနစွာ ရေးသားနိုင်၏။

လက်ထပ်သင်သည်ဆိုသော မြန်မာစကားမှာ ဤသည်ကို ဆိုလိုခြင်းဖြစ်၏။ ကံကူလက် လှည့်ဆရာ ဆိုသည်မှာလည်း ဤသဘောပင် ဖြစ်လေ၏။ ဦးပဥ္စင်းကြီးက သင်ပုန်းကြီး ကျေညက် ပြီဟု ယူဆသောအခါ . . .

"မင်းကို မနက်ဖြန် မင်္ဂလသုတ် တက်ပေးမယ်"

ဟု ပြောလေ၏။ မင်္ဂလသုတ်သည် ဗုဒ္ဓဟောကြားခဲ့သော

တရားတော်များဖြစ်၏။ သင်ပုန်းကြီးတွင် မပါခဲ့သော ပါဠိဆင့်၊ ပါဠိသားများ ပါဝင်လာပေပြီ။

နောက်တစ်နေ့နံနက်တွင် မောင်သူရ မင်္ဂလသုတ်စသင်တော့မည်ဟူသော သတင်းရသဖြင့် ကိုရင်များနှင့် ကျောင်းသားများ ရောက်လာပြီး မကြားတကြားဖြင့် . . .

"အမွဲတကာထွတ်ခေါင်၊ ဖွတ်မင်းနောင်ပါလားကွ"

ဟု လှောင်ပြောင်လေ၏။ ကျောင်းသားတစ်ယောက်ကလည်း . . .

"ဘကြိုင်လို့ နာမည်ပြောင်းရင် ကောင်းမယ်"

ဟု ပြောလေ၏။

မောင်သူရသည် သူ့အား နောက်ပြောင်ခံရခြင်းအကြောင်းကို မသိရှာပေ။ ကပ္ပိယကြီးအား မေးမြန်းကြည့်သောအခါမှပင် မင်္ဂလသုတ်ဆွမ်းတစ်အုပ်ဟူသော စကားကို သိရလေ၏။

သင်ပုန်းကြီး ကျေညက်ပြီး မင်္ဂလသုတ်တက်သော ကျောင်းသားသည် ကျောင်းသို့ ဆွမ်းတစ်အုပ်ပို့ရသော ထုံးစံရှိ၏။ သို့သော် မိဘမတတ်နိုင်၍ မပို့သော်လည်း အပြစ်မဖြစ်ပါချေ။

မောင်သူရသည် မင်္ဂလသုတ် ဆွမ်းတစ်အုပ်ဟူသော စကား၏ အဓိပ္ပာယ်ကို သိရပြီးနောက် ပိုင်းတွင် မိမိကိုယ်မိမိ လွန်စွာစိတ်အားငယ်သွားလေ၏။ သူ့ဘဝသည် ဘဝတူ ကျောင်းသားများ လှောင်ပြောင်ရလောက်အောင် ဆင်းရဲနွမ်းပါးလှ၏။

သူပိုင်ဆိုင်သမျှ စစ်စစ်ပေါက်ပေါက် ရေတွက်ကြည့်လျှင် ပုဆိုးတစ်ထည်နှင့် အင်္ကျီတစ် ထည်သာရှိ၏။

အခြားသော ကျောင်းသားများနှင့် ကိုရင်များ၌ သားရေသေတ္တာ၊

ကော်ဇော၊ စောင်၊ လက်နှိပ်ဓါတ်မီး၊ နာရီ စသည် အသုံးအဆောင်များ စုံလင်အောင် ရှိ၏ ။

ကျောင်းထိုင်ဆရာတော်ကြီးမှာလည်း ဝိနည်းတော်ကို အလွန်တိကျစွာ လိုက်နာတတ်ပြီး ဂုဏ်ပကာသနနှင့် လောကီကိစ္စများကို စိတ်မဝင်စားသူ ဖြစ်သဖြင့် မောင်သူရအား မည်သည့် ပစ္စည်းကိုမျှ မစွန့်ကြဲနိုင်ပေ။

တစ်ခါက ပြည်မြို့တွင် နေထိုင်သော ဆေးလိပ်ခုံပိုင်ရှင် လင်မယားက ဟောင်းနွမ်းဆွေး မြည့်နေပြီဖြစ်သော ဆရာတော်၏ သစ်သားကျောင်းကြီးကိုဖျက်၍ တိုက်ကျောင်းလှူဒါန်းရန် လျှောက်ထားသောအခါ ဆရာတော်ကြီးက . . .

“ဘာလုပ်ဖို့လဲ ဒကာရဲ့၊ ငါ့ကျောင်းက မပြိုသေးပါဘူး၊ နေလို့ရပါသေးတယ်၊ အပိုတွေ မလုပ်ကြပါနဲ့”

ဟု ငြင်းဆန်လေ၏ ။ အလှူရှင် လင်မယားကလည်း . . .

“တပည့်တော်တို့က ဆရာတော်ကို သဒ္ဓါကြည်ညိုလွန်းလို့ လှူဒါန်းချင်လို့ပါ”

ဟု တောင်းပန်လေရာ ဆရာတော်က လက်ကာပြ၍ . . .

“လှူချင်ရင် တခြားချောင်းသွားလှူ၊ ငါ့ကျောင်းမှာတော့ ပကာသနတွေ လက်မခံဘူး”

ဟု တားဆီးလေ၏ ။

အရေးပိုင်ကြီးတစ်ဦးကလည်း မျက်နှာကြက်တွင် တပ်ဆင်ရန် ပန်ကာများလှူဒါန်းချင်သည် ဆိုသောအခါ ဆရာတော်ကြီးက . . .

“ဝိနည်းတော်နဲ့ မညီလို့ လက်မခံနိုင်ဘူး”

ဟု ငြင်းဆန်တော်မူ၏ ။

မည်သို့ပင်ဖြစ်စေ ကျောင်းတွင် သီတင်းသုံးနေသော ဦးပဉ္ဇင်းများနှင့် ကိုရင်အများစုမှာ ပိုးသက်န်းတရွှမ်းရွှမ်း၊ ရွှေမျက်မှန်တဝင်းဝင်းနှင့် နေထိုင်ကြ၏။ ဝိနည်းတော်နှင့်အညီ ခြိုးခြံစွာ နေထိုင်သော ရဟန်းတော်များမှာ အနည်းစုပင်ဖြစ်၏ ။

လောကီကိစ္စများကို စိတ်မဝင်စားသော ဆရာတော်ကြီးသည် ထိုကိစ္စများကို တားမြစ် ခြင်းမရှိပေ။

တစ်ခါက ဆရာတော်ကြီးနှင့်ပတ်သက်၍ ရယ်ရွှင်ဖွယ်ကိစ္စတစ်ရပ် ဖြစ်ပေါ်ခဲ့၏ ။

ဆရာတော်ကြီးသည် ချိုးရေသုံးသပ်ရန်အတွက် ကျောင်းအရှေ့အုတ်ကန်ဘက်သို့ ထွက်ခဲ့၏ ။ အုတ်ကန်သို့ ရောက်သောအခါ ဒံခွက်အသစ်ကြီးတစ်လုံးဖြင့် တဗွမ်းဗွမ်း ခပ်၍ ချိုးလေ၏ ။

ထို့နေ့သည် ဥပုသ်နေ့ဖြစ်သဖြင့် ကျောင်း၌ ဒကာ၊ ဒကာမများနှင့် စည်ကားနေလေ၏ ။ ထိုသူများသည် ဆရာတော်ကြီး ရေချိုးနေပုံကိုကြည့်၍ မျက်လုံးပြူးသွားလေ၏ ။ အဘယ်ကြောင့် ဆိုသော် ဆရာတော်ကြီး ရေချိုးခပ်သောခွက်မှာ ဆီးအိုးကြီး ဖြစ်နေသောကြောင့်ပင် ဖြစ်၏ ။

ထိုဆီးအိုးကြီးမှာ ဝန်ထောက်တစ်ဦးက ဆရာတော် ညရေးညတာ အသုံးပြုရန် လာရောက် လှူဒါန်းသွားခြင်းဖြစ်၏ ။

ဆရာတော်၏ အပြုအမူကို အမြင်မတော်သော ဒကာတစ်ယောက်က အနားသို့ သွား၍ . .

"ဆရာတော်ဘုရား ရပ်ပါဦး ဘုရား၊ ဆရာတော်ရဲ့ခွက်က ရေခွက်မဟုတ်ပါဘူး၊ ဆီးအိုးကြီးပါ"

ဟု လျှောက်ထားသောအခါ ဆရာတော်က . . .

“ဟေ . . . ဟုတ်လားကွ၊ သိပါဘူးကွာ၊ ငါက ရေခွက်ထင်လို့၊ ဒါပေမယ့် ကိစ္စမရှိပါဘူးကွာ၊ ရေခပ်လို့ရရင် ရေခွက်ပေါ့၊ ဒီခွက်က လက်ကိုင်ပါလို့ ခပ်လို့တောင်ကောင်းတယ်ကွ၊ ဒီခွက်နဲ့ပဲ ဆက်ချိုးမယ်”

ဟု ပြောလေ၏။

ဤမျှရိုးသားသော ဆရာတော်ကြီးဖြစ်၏။ မောင်သူရကျောင်းရောက်ပြီး တစ်ပတ်ခန့်အကြာ တွင် ဆရာတော်ကြီးနှင့် ဆုံတွေ့သောအခါ . . .

“မောင်သူရ စာကြိုးစားသင်၊ စည်းကမ်းတွေကို မဖောက်ဖျက်မိစေနဲ့၊ တတ်နိုင်သမျှ ခြိုးခြံ ချွေတာတဲ့ အကျင့်ကိုကျင့်”

ဟု မိန့်တော်မူရုံကလွဲ၍ နောက်ပိုင်းတွင် မည်သည့်စကားကိုမျှ မဆိုခဲ့ချေ။

မောင်သူရသည် ကျောင်းတွင် နေထိုင်စဉ် အပျော်ဆုံးအချိန်မှာ ဆွမ်းခံထွက်ချိန်ပင် ဖြစ်၏။

ကိုရင်များနှင့် ကျောင်းသားများသည် မနက်ပိုင်း ဘုရားရှိခိုးပြီးနောက် စာကျက်စာအံကြ၏။ ပြီးနောက် ဆွမ်းခံထွက်ကြ၏။ ဆွမ်းခံထွက်ချိန်တွင် ဝါအကြီးဆုံးရဟန်းက ရှေ့ဆုံးမှ ကြွရပြီး နောက် ဝါစဉ်ကြီးငယ်အလိုက် လိုက်ပါကြ၏။

ရဟန်းများ၏ နောက်တွင် ကျောင်းသားများက ဆွမ်းဟင်းခံယူရန် ဆိုင်းထမ်းဖြင့် လိုက်ကြ၏။ အသံကျယ်သော ကျောင်းသားတစ်ယောက်က . . .

“ဆွမ်းတော်ဗျို့”

ဟု ကျယ်လောင်စွာ အော်ဟစ်လေ၏။ ထိုအခါ ရွာသူရွာသားများက ဆွမ်းဟင်းများ လောင်းလှူကြ၏။

ရွာထဲတွင် လှည့်လည်ခွင့်ရ၍ ကိုရင်နှင့် ကျောင်းသားအများစုက

ပျော်ရွှင်ကြလေ၏။ ကျောင်းသို့ရောက်၍ ဆွမ်းစားပြီးသောအခါ ကျောင်းသားများသည် ကျောင်းအနောက်ဘက်သို့ ကူး၍ ပျော်ရွှင်စွာ ကစားကြကုန်၏။ ကိုရင်များလည်း ဆရာတော်ကြီးအလစ်တွင် ဝင်ရောက်ဆော့ ကစားလေ၏။

မောင်သူရသည် ဆော့ကစားခြင်းမရှိဘဲ မျက်လုံးမှိတ်၍ စာများကို ကျက်မှတ်၏။ သို့သော် ခေါင်းထဲသို့စာများ ဝင်ရောက်မလာဘဲ ကျောင်းသားများ၏ ဆော့ကစားသံများကိုသာ ကြားယောင် နေမိ၏။ သူသည် စာကျက်လိုက်၊ ဆော့ကစားနေသူများကို မျက်လုံးဖွင့်ကြည့်လိုက်နှင့် အတန်ကြာ သည်အထိ မည်သည့်စာကိုမျှ ကျက်မရဘဲ ရှိနေလေ၏။ ကျောင်းသားများသည် အားရအောင် ဆော့ကစားပြီး ကျောင်းပေါ်သို့ ပြန်တက်လာကာ . . .

"ကျည်ပွေ့အတက်ပေါက်မယ့် မောင်သူရ ဘာစာတွေ ကျက်နေတာလဲ"

ဟု နောက်ပြောင်သွားလေ၏။ ကျောင်းသားများသည် သူ့မျက်နှာကို မြင်သည်နှင့် တစ်နည်းနည်းဖြင့် လှောင်ပြောင်သွားလေ့ရှိ၏။ သူ့အား လှောင်ပြောင်သူများတွင် လယ်ပိုင်ရှင် တစ်ဦး၏ သားဖြစ်သူ ဉာဏ်ဝင်းမှာ အဆိုးဆုံးဖြစ်၏။

ဉာဏ်ဝင်းသည် ကျောင်းသားများ၏ ခေါင်းဆောင်ဖြစ်ပြီး အလွန်ဆိုးသွမ်းသူဖြစ်၏။ သူသည် ငယ်ရွယ်သော ကိုရင်နှင့်ကျောင်းသားများကို နိုင်ထက်စီးနင်း ပြုကျင့်၏။ ကျောင်းဝင်း အတွင်းရှိ သစ်ပင်များပေါ်သို့ တက်၍ အသီးများကို ခူးဆွတ်၏။

ဖွက်၍ ဆောင်ထားသော လေးခွတစ်လက်ဖြင့် သတ္တဝါငယ်လေးများကို ပစ်ခတ်၏။ ကျောင်းနှင့် မနီးမဝေးတွင် ရှိသော ရေကန်ကြီးအတွင်းသို့ ရေဆင်းကူး၏။

ဉာဏ်ဝင်းသည် မိဘကချမ်းသာသဖြင့် ဂုဏ်မောက်နေသူဖြစ်၏။

သူသည် မောင်သူရအား လွန်စွာ မျက်မုန်းကျိုး၏ ။ ထို့ကြောင့်ပင် တွေ့သည့်နေရာတွင် နိုင်ထက်စီးနင်းပြုကျင့်လေရှိ၏ ။

အခြားသော ကိုရင်နှင့် ကျောင်းသားများမှာ ဉာဏ်ဝင်း၏ နောက်လိုက်များ ဖြစ်သဖြင့် စိတ်အားထက်သန်ခြင်းမရှိသော်လည်း ၎င်းနည်းတူ နောက်ပြောင်လေ့ရှိ၏ ။

မောင်သူရသည် ဆွမ်းစားချိန်၌ ဉာဏ်ဝင်းတို့အုပ်စု၏ နိုင်ထက်စီးနင်း ပြုကျင့်မှုကို နေ့စဉ်ခံရရှာ၏ ။ ကျောင်းတွင် ကျောင်းသားငါးဦးရှိသဖြင့် စားပွဲဝိုင်းကြီးတွင် အတူတကွထိုင်၍ စားရ၏ ။

ထမင်းဝိုင်းတွင် ကြက်သား၊ ဝက်သားစသော ဆီပြန်ဟင်းများနှင့် ဇွန်းတစ်ချောင်းတည်း သာရှိ၏ ။ ထိုအခါ ဉာဏ်ဝင်းက ဇွန်းကို ဦးစွာယူ၍ အကြီးဆုံးအတုံးများကို သူ့ပန်းကန်ထဲသို့ ခပ်ထည့်၏ ။ ပြီးနောက် သူ၏ နောက်လိုက် နောက်ပါကျောင်းသားများသို့ ခွဲဝေပေး၏ ။

ဆီပြန်ဟင်းများ ကုန်သောအခါမှ ဇွန်းကို ပန်းကန်ထဲသို့ ပြန်ထည့်၏ ။ မောင်သူရ၏ အလှည့်တွင် အရိုးအရင်းမျှပင် ကိုက်ရန်မကျန်တော့ပေ။

ထို့ကြောင့် မောင်သူရသည် နေ့စဉ် အချဉ်သုတ်၊ ငရုတ်သီးထောင်းလောက်နှင့်သာ ကိစ္စပြီး လေ၏ ။

မောင်သူရသည် ဆွမ်းကိစ္စနှင့် ပတ်သက်၍ ဦးပဉ္စင်းများကို တိုင်ကြားရန် အကြိမ်ကြိမ် ကြံရွယ်သော်လည်း ရှက်ရွံ့သည်နှင့် ကြိတ်မှိတ်၍ ခံရရှာ၏ ။ သူ့အား မခြိုးခြံနိုင်သူဟု ဦးပဉ္စင်းများ အထင်ရောက်မှာ စိုးရွံ့လှ၏ ။

* *

မကြာမီ ရှာဘုရားကြီး စတင်ပေတော့မည်။ ရှာဘုရားပွဲသို့

အနီးအနားရွာများမှ လှည်းတန်း ကြီးများနှင့် လာရောက်လေ့ရှိ၏။ ကြည့်စရာ ရှုစရာ ပွဲလမ်းတွေက စုံသလို စားစရာ သောက်စရာ ဆိုင်တွေကလည်း ပေါများလှ၏ ။

ဘုရားပွဲစသောနေ့တွင် ဆိုင်းသံ၊ ဗုံသံ၊ တီးသံ၊ မှုတ်သံတို့က လေသင့်တိုင်း ကျောင်းမှပင် ကြားရလောက်၏။ ကျောင်းပရဝုဏ်ထဲမှ ကိုရင်များ၊ ကျောင်းသားများနှင့် ဦးပဉ္စင်းများပါမကျန် လှုပ်လှုပ်ရွရွ ဖြစ်နေကြ၏။

ငယ်ရွယ်သူပီပီ ပွဲလမ်းသဘင် ဝါသနာထုံသော မောင်သူရမှာ ဘုရားပွဲသို့ သွားရောက်လို လှ၏။ ဇာတ်ရုံများသို့ ဝင်ရောက်ချင်လှ၏။ သို့သော် ပွဲကြည့်ဖို့ မုန့်စားဖို့ သူ့မှာ ငွေတစ်ပြားတစ်ချပ် မျှမရှိ။

စိတ်အားငယ်လိုက်သည်မှာ ပြောဖွယ်ရာမရှိတော့။

ထိုစဉ် ဉာဏ်ဝင်တို့လူစုမှာ ပုဆိုး၊ ထီး၊ ဖိနပ်စုံစုံလင်လင်ဖြင့် ငွေများကို ကိုင်တွယ်၍ ပွဲသွားရန် တမော့မော့ဖြစ်နေကြ၏ ။
ဘုန်ကြီးကျောင်းသားများမှာလည်း ယောင်ပေစူးကို အုန်းဆီ လိမ်းခြင်း၊ ချည်လုံချည်တစ်ပတ်နွမ်းဝတ်ခြင်း၊ ပိုးပဝါပေါင်းခြင်း စသည့်ပြင်ဆင်မှုများကို ပြုလုပ်ကြ ကုန်၏။ ပွဲပြချိန်နီးသောအခါ အုပ်စုဖွဲ့၍ ပွဲကြည့်ရန်သွားကြလေ၏။

မောင်သူရသည် သူ့အား အဖော်ခေါ်နိုးနိုးနှင့် ကြည့်နေရှာ၏။ သို့သော် သူ့အား မည်သူမျှ ပွဲကြည့်ရန်မခေါ်ကြ။

ဆိုင်းသံဗုံသံများက လေအလွင့်မှာ ကျောင်းဘက်သို့ လွင့်ပျံလာ၏။ မောင်သူရသည် နေမထိထိုင်မသာဖြစ်နေရှာ၏။ ဆိုးဝါးလှသည့် ဘဝပါကလား၊ ပွဲကြည့်ရန် အသပြာငွေလေးတစ် ပြားတစ်ချပ်မျှ ပင်မရှိ။

သူသည် တွေးတောရင်း တစ်ကိုယ်တည်း မျက်ရည်ဝဲနေမိ၏။ ထိုစဉ် သူ၏ အနားသို့ စာပေ သင်ကြားပေးသော ဦးပဉ္စင်းကြီးသုက္က ရောက်လာပြီးလျှင် . . .

“ဘာလို့ငိုနေတာလဲ”

ဟု မေးမြန်းလေ၏။ မောင်သူရက ခေါင်းမော့ကြည့်၍ . . .

“တပည့်တော်ကို ပွဲလိုက်ဖို့ ဘယ်သူမှမခေါ်ကြဘူးဘုရား”

ဟု ဝမ်းနည်းစွာ ပြောလိုက်လေရာ ဦးပဥ္စင်းကြီးက . . .

“ကဲ . . . ဒါဆို ငိုမနေနဲ့တော့၊ ဒကာကြီးတွေနဲ့ လိုက်သွားပေါ့၊ မင်းသုံးဖို့ ငွေတစ်ကျပ် ပေးလိုက်မယ်”

ဟု ဆိုကာ ဆာပါခြုံခေါ် ငွေဒင်္ဂါးတစ်ချပ်ကို ထုတ်ပေးလေရာ မောင်သူရသည် လွန်စွာပျော်ရွှင်သွားပြီး ဟေးခနဲ ထမအော်မိစေရန် အတော်ပင် စိတ်ထိန်းလိုက်ရရှာ၏။

ထိုညက ဒကာကြီးများနှင့်လိုက်၍ ဇာတ်ရုံများ တစ်ရုံနှင့်တစ်ရုံ ကူးချည်သန်းချည် လုပ်ရခြင်းကို ပျော်ရွှင်နေမိ၏။

လွန်စွာထူးဆန်းသော မျက်လှည့်ပွဲကိုလည်း ဝင်ရောက်ကြည့်ရှု၏။

မောင်သူရသည် တစ်သက်တာတွင် အပျော်ဆုံးညဟူ၍ ပင် ထင်မြင်နေမိတော့သည်။

* *

မောင်သူရသည် ရတနာသုတ်ပြီးလျှင် အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာချိုင့်၊ နမက္ကာရ စသည်ဖြင့် အစဉ်လိုက် သင်ကြားရလေ၏ ။ နမက္ကာရ အောင်ပြီးသူ တစ်ယောက်သည် ဗုဒ္ဓ၏ လက္ခဏာတော်များ၊ ဘုန်းတော်၊ ဂုဏ်တော်များကို ပွဲသဘင်များ၌ တင့်တင့်တယ်တယ် ဟောကြားနိုင်ပေပြီ။

မောင်သူရသည် ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်သူဖြစ်သဖြင့် သင်ကြားပေးသော စာများကို ကောင်းစွာလိုက်နိုင်၏ ။ ထို့ကြောင့်ပင် ဆရာတော်ကြီးနှင့် ဦးပဥ္စင်းများ၏ ချီးမွမ်းခြင်း ခံရ၏ ။

မည်သို့ပင်ဖြစ်စေ ဆွေမရှိ မျိုးမရှိ မောင်သူရသည် ကျောင်းတွင် အဆင်းရဲဆုံးဖြစ်နေရှာ၏ ။ သူသည် ငယ်ရွယ်သူဖြစ်သဖြင့် နာရီ၊ ဖောင်တိန်စသော အသုံးအဆောင်များကို မက်မောလှ၏ ။ အခြားသော စာလိုက်ဖက်များတွင် နာရီကိုယ်စီရှိကြ၏ ။ ဉာဏ်ဝင်းထံတွင် ရွှေရောင်ဖောင်တိန် တစ်ချောင်းရှိ၏ ။ ဉာဏ်ဝင်းသည် ဖောင်တိန်တန်ခိုးဖြင့် မျက်နှာပွင့်လိုက်သည်မှာ ပြောဖွယ်ရာမရှိ။

တရားစာအုပ် အဖုံးတွင် ဘွဲ့အမည်ရေးထိုးကာနီးတွင် တစ်ကျောင်းလုံးက ဉာဏ်ဝင်း၏ ဖောင်တိန်ကို ငှားရမ်းကြ၏ ။

မောင်သူရ၏ ဘဝမှာမူ ဆင်းရဲနုံချလှ၏ ။ နှစ်နှစ်ရှိခဲ့ပြီဖြစ်သော်လည်း သူ၏ ဖခင် ဦးကြီးမောင်မှာ အောက်ပြည်အောက်ရွာမှ ရောက်မလာသေး။

မောင်သူရကို သတိမှ ရပါလေစ။

သူ ပိုင်ဆိုင်သမျှ ပစ္စည်းများမှာ ဖျာတစ်ချပ်နှင့် ခေါင်းအုံးတစ်အုံးသာရှိ၏ ။

ကျောင်းပေါ်ရှိ ဖိတ်ဖိတ်တောက် ကော်ဇောကြီးများပေါ်တွင် ကတ္တီပါမှီအုံးကြီးများဖြင့် သီတင်းသုံးနေသော ဆရာတော်ကြီးများကို မြင်တွေ့ဖူး၏

။ ဦးပဉ္စင်းများမှာလည်း ခုတင်၊ မွေ့ရာ၊ ခြင်ထောင်နှင့် အကျအန အိပ်စက်ကြ၏ ။

အနက်ရောင် သားရေဖုံးထားသော ကျမ်းစာအုပ်ကြီးများစွာကို ပိုင်ဆိုင်ကြ၏ ။

ထိုမြင်ကွင်းများကိုကြည့်၍ . . .

"ရှေးဘဂက ကံနည်းခဲ့လို့နဲ့တူတယ်၊ ငါ့မှာတော့ အဝတ်အဟောင်းတွေထပ်ပြီး အိပ်ရာခင်းရ စောင်အဖြစ်ခြုံရနဲ့ ဆင်းရဲလိုက်တာ"

ဟု တွေးတောမိလေ၏ ။ သူ၏ ဆရာတော်ကြီးကိုယ်တိုင် ခေါင်းအုံးတစ်လုံး၊ ဖျာတစ်ချပ်ဖြင့် ခြိုးခြံတော်မူခြင်းကို ငယ်ရွယ်သူပီပီ မစဉ်းစားမိရှာပေ။ သူ့အား မောင်ဉာဏ်ဝင်းတို့က . . .

"အမွဲတကာထွတ်ခေါင်၊ ဖွတ်မင်းနောင်၊ ရေသည်ယောက်ျားနဲ့ ညီအစ်ကိုတော်တယ် ထင်တယ်"

ဟု နောက်ပြောင်ခြင်းကိုသာ ရှက်ရွံ့နေမိ၏ ။

တစ်ညသ၌ မောင်သူရသည် ထူးဆန်းသောပလွေသံကြောင့် အိပ်ရာမှ လန့်နိုးလေ၏ ။ သူသည် အသံလာရာကို နားစွင့်ကြည့်သောအခါ ပလွေသံသည် ကျောင်းဝင်းထဲမှ လာသဖြင့် အိပ်ရာမှထပြီး ပလွေသံရှိရာသို့ လျှောက်ခဲ့၏ ။ လပြည့်ညဖြစ်သဖြင့် ကျောင်းတစ်ခုလုံး ထိန်ထိန်လင်းနေ၏ ။

တစ်နေရာသို့ ရောက်သောအခါ ကျောပေး၍ ပလွေမှုတ်နေသော လူတစ်ယောက်ကို မြင်ရ၏ ။

သူသည် အနီးသို့ တိုးကပ်သွားသောအခါ ကျောင်း၌ တည်းခိုနေသော တရုတ်အဘိုးအို ဖြစ်ကြောင်း တွေ့ရ၏ ။ အဘိုးကြီးက မောင်သူရကို မြင်သည်နှင့် ပလွေမှုတ်ခြင်းကို ရပ်တန့်လိုက် ပြီး . . .

"မောင်သူရ ပလွေသံကြောင့် အိပ်ရာနိုးသွားတယ်ထင်တယ်"

ဟု နှုတ်ဆက်လိုက်လေရာ မောင်သူရက . . .

"ဟုတ်တယ်၊ အဘိုးရဲ့ ပလွေသံဟာ ကျုပ်တို့ကြားဖူးတဲ့ ပလွေသံနဲ့ မတူဘူး၊ သိပ်ထူးဆန်း တာပဲ"

ဟု ပြောလေ၏။

တရုတ်အဘိုးကြီးက . . .

"ဆန်းဆို ဒီပလွေက မြန်မာပလွေမှ မဟုတ်တာ၊ တရုတ်တွေမှုတ်လေ့ရှိတဲ့ ကြေးပလွေပဲ၊ ဒီည ကျုပ်ပလွေမှုတ်တဲ့ အကြောင်းက မောင်သူရနဲ့ တွေ့ချင်လို့ပဲ"

ဟု ပြောလေရာ မောင်သူရသည် လွန်စွာအံ့ဩသွားပြီး . . .

"ဗျာ . . . အဘိုးက ကျုပ်နဲ့ တွေ့ချင်လို့ ဟုတ်လား၊ ဘာလုပ်ဖို့လဲ"

ဟု မေးမြန်းလေ၏။ တရုတ်အဘိုးကြီးက ရယ်မော၍ . . .

"မောင်သူရကို ကြည့်ရတာ ဒီကျောင်းမှာ အနေအထိုင် သိပ်ဆင်းရဲတယ်၊ ဒါကြောင့် ရှေ့ဆက်ပြီး ပြည့်ပြည့်စုံစုံနေရအောင် ကျုပ်က ကူညီချင်လို့ပါ"

ဟု ပြောဆိုလေရာ မောင်သူရသည် လွန်စွာဝမ်းသာသွားပြီး . . .

"ဘယ်လိုကူညီမှာလဲ"

ဟု မေးမြန်းလေ၏။ တရုတ်အဘိုးကြီးက . . .

"ဟူရားမဟာဘုတ်ဗေဒင်နည်းလေးတစ်ခု သင်ပေးသွားမှာပါ"

ဟုဆိုလိုက်ရာ မောင်သူရက မျက်နှာရှုံ့မဲ့သွားပြီး . . .

"ဗေဒင်သင်ပေးမယ် ဟုတ်စ၊ ကျုပ်က စာတွေ ဒီလောက်လိုက်နေတာ ဗေဒင်သင်ဖို့ ဘယ်အချိန်ရှိမှာလဲ။ နောက်ပြီး ကျုပ်တို့ကျောင်းမှာ ဗေဒင်တတ်တဲ့ ဦးပဥ္စင်းတွေအများကြီး ရှိတယ်"

ဟု ပြောလေ၏။ တရုတ်အဘိုးကြီးက . . .

“သူတို့တတ်တဲ့ဗေဒင်နဲ့ ကျုပ်ဗေဒင် မတူပါဘူး၊ ဗေဒင် တတ်ပြီးရင် ပြည့်ပြည့်စုံစုံ နေနိုင်ဖို့ ကျုပ် တာဝန်ယူတယ်”

ဟု ပြောပြန်၏။ မောင်သူရက . . .

“ဘာပဲဖြစ်ဖြစ် ကျုပ်မှာ ဗေဒင်သင်ဖို့ အချိန်မရှိဘူး”

ဟု ငြင်းဆန်လေ၏။ တရုတ်အဘိုးကြီးက . . .

“ကျုပ်လည်း မောင်သူရကို ဒီတစ်ညတည်း သင်ဖို့ အချိန်ရှိတယ်၊ မနက်ဖြန် ဒီကျောင်းမှာ ကျုပ်မရှိတော့ဘူး၊ မောင်သူရက ဉာဏ်အလွန်ကောင်းတယ်လို့ ကြားတယ်၊ ကျုပ်သင်သမျှ ဒီတစ်ညတည်းနဲ့ အလွတ်ကျက်ရမယ်၊ ဟောကွက်ကလွဲရင် တွက်နည်းတွေကို ဘာစာရွက် စာတမ်းနဲ့မှ မှတ်ခွင့်မပေးနိုင်ဘူး၊ ဘယ်လိုလဲ ကိုရင်”

ဟု မေးမြန်းလေရာ မောင်သူရက . . .

“ဒီတစ်ညတည်း သင်မယ်ဆိုရင်တော့ သင်မယ်ဗျာ၊ သင်ပေးသမျှ ကျုပ်ဉာဏ်ရှိသလောက် အလွတ်ကျက်မယ်”

ဟု လက်ခံလိုက်၏။ တရုတ်အဘိုးကြီးက တဟားဟား ရယ်မောပြီး အိတ်ထဲမှ ဖယောင်း တိုင်နှင့်မီးခြစ်ကိုထုတ်၍ မီးထွန်းကာ . . .

“မောင်သူရ မှတ်ထားပေတော့၊ ကျုပ် သင်မယ့် ဗေဒင်က ဟူရားမဟာဘုတ်ဗေဒင်လို့ ခေါ်တယ်၊ ဒီနည်းဟာ အံ့သြလောက်အောင် မှန်ကန်တယ်၊ သူ့ကို အသုံးပြုပြီးတော့ အလွန်နာမည် ကြီးနေတဲ့ နိုင်ငံကျော် ဗေဒင်ဆရာကြီးတောင်ရှိတယ်၊ ဟူရားမဟာဘုတ်နည်းဆိုတာ သဘာဝ လောကကြီးရဲ့ နေထွက်နေဝင် (၁၂)နာရီကို ငါးပိုင်းပိုင်းပြီး ဟောပြောတဲ့နည်းပဲ၊ နေထွက်နေဝင် ကာလ (၁၂)နာရီကို ၅နဲ့ စားကြည့်ရင် (၂)နာရီနဲ့ (၂၄)မိနစ်ရတာ

တွေ့ရမယ်၊ ဒါကြောင့် တစ်နေ့ တာကာလမှာ လူတစ်ဦးတစ်ယောက်ရဲ့ ကံကြမ္မာကို (၂)နာရီနဲ့ (၂၄)မိနစ်စီ ပိုင်းခြားရတယ်”

မောင်သူရသည် တရုတ်အဘိုးကြီး၏ စကားများကို အလွတ်ကျက်မှတ်ရလေ၏။

တရုတ်အဘိုးကြီးက ဆက်လက်၍ . . .

“တစ်နေ့မှာ အခါငါးပိုင်းပုံကို မြေပေါ်မှာ ဇယားနဲ့ရေးပြမယ် သေသေချာချာ မှတ်ထား ပေတော့”

ဟု ဆိုကာ မြေကြီးပေါ်တွင် အောက်ပါဇယားကို ဆွဲပြလေ၏။

ဇယား(၁)အခါငါးပိုင်း ပိုင်းပုံ

ဇယား(၁)အခါငါးပိုင်း ပိုင်းပုံ

| ပထမ | ဒုတိယ | တတိယ | စတုတ္ထ | ပဥ္စမ |
|---|---|---|---|---|
| မနက်၆နာရီ | ၈နာရီ၂၄မိနစ် | ၁၀နာရီ၄၈မိနစ် | ၁နာရီ၁၂မိနစ် | ၃နာရီ၃၆မိနစ် |
| မှ | မှ | မှ | မှ | မှ |
| ၈နာရီ၂၄မိနစ် | ၁၀နာရီ၄၈မိနစ် | ၁နာရီ၁၂မိနစ် | ၃နာရီ၃၆မိနစ် | ညနေ၆နာရီ |

ဇယားကို ကျက်ပြီးသောအခါ တရုတ်အဘိုးကြီးက ဖျက်ပစ်လိုက်ပြီး မြေကြီးပေါ်တွင် ဇယားတစ်ခုကို ဆွဲပြပြန်၏။ မောင်သူရကလည်း အရကျက်ရပြန်၏ ။

# ဇယား(၂)

| | | |
|---|---|---|
| | အထက်<br>အထွန်း(၁)<br>အကောင်းဆုံးအချိန် | |
| မြောက်<br>သိုက်(၂)<br>ကောင်းသောအချိန် | အလယ်<br>မရဏ<br>အညံ့ဆုံးအချိန် | တောင်<br>ဘင်္ဂ(၄)<br>ညံ့သောအချိန် |
| | အောက်<br>အဓိပတိ(၃)<br>အကောင်းအဆိုးရောနှောချိန် | |

မောင်သူရသည် ဉာဏ်ကောင်းသူပီပီ ဇယား(၂)ကို အရကျက်ပြီးသောအခါ တရုတ်အဘိုး ကြီးက . . .

“မောင်သူရ ကျက်ဖို့ ဇယား(၅)ခု ထပ်ရေးပြမယ်၊ ဟူရားမဟာဘုတ်နည်းမှာ ဇယား(၇)ခုရှိ တယ်၊ မောင်သူရ မှတ်မိလွယ်အောင် အလွယ်ဆုံးနည်းတွေ ရေးပြနေတာ”

ဟု ပြောလေတော့သည်။

# ဇယား(၃)

တနင်္ဂနွေနှင့်သောကြာနေ့များတွင် ဤဇယားကိုကြည့်ဟောပါ။

| | ပထမ အခါ | ဒုတိယ အခါ | တတိယ အခါ | စတုတ္ထ အခါ | ပဉ္စမ အခါ |
|---|---|---|---|---|---|
| တနင်္ဂနွေ | ၄ | ၁ | ၃ | ၅ | ၂ |
| တနင်္လာ/ စနေ | ၃ | ၅ | ၂ | ၄ | ၁ |
| အင်္ဂါ | ၁ | ၃ | ၅ | ၂ | ၄ |
| ဗုဒ္ဓဟူး/ ကြာသပတေး | ၂ | ၄ | ၁ | ၃ | ၅ |
| သောကြာ | ၅ | ၂ | ၄ | ၁ | ၃ |

ဇယား(၄)

တနင်္လာနှင့်ဗုဒ္ဓဟူးနေ့များတွင် ဤဇယားကိုကြည့်ဟောပါ။

| | ပထမ အခါ | ဒုတိယ အခါ | တတိယ အခါ | စတုတ္ထ အခါ | ပဉ္စမ အခါ |
|---|---|---|---|---|---|
| တနင်္ဂနွေ | ၃ | ၅ | ၂ | ၄ | ၁ |
| တနင်္လာ/ စနေ | ၂ | ၄ | ၁ | ၃ | ၅ |
| အင်္ဂါ | ၅ | ၂ | ၄ | ၁ | ၃ |
| ဗုဒ္ဓဟူး/ ကြာသပတေး | ၁ | ၃ | ၅ | ၂ | ၄ |
| သောကြာ | ၄ | ၁ | ၃ | ၅ | ၂ |

### ဇယား(၅)

အင်္ဂါနေ့တွင် ဤဇယားကိုကြည့်ပေဟာပါ။

| | ပထမ အခါ | ဒုတိယ အခါ | တတိယ အခါ | စတုတ္ထ အခါ | ပဉ္စမ အခါ |
|---|---|---|---|---|---|
| တနင်္ဂနွေ | ၂ | ၄ | ၁ | ၃ | ၅ |
| တနင်္လာ/ စနေ | ၁ | ၃ | ၅ | ၂ | ၄ |
| အင်္ဂါ | ၄ | ၁ | ၃ | ၅ | ၂ |
| ဗုဒ္ဓဟူး/ ကြာသပတေး | ၅ | ၂ | ၄ | ၁ | ၃ |
| သောကြာ | ၃ | ၅ | ၂ | ၄ | ၁ |

ဇယား(၆)

ကြာသာပတေးနေ့တွင် ဤဇယားကိုကြည့်ပါ။

| | ပထမ အခါ | ဒုတိယ အခါ | တတိယ အခါ | စတုတ္ထ အခါ | ပဥ္စမ အခါ |
|---|---|---|---|---|---|
| တနင်္ဂနွေ | ၁ | ၃ | ၅ | ၂ | ၄ |
| တနင်္လာ/ စနေ | ၅ | ၂ | ၄ | ၁ | ၃ |
| အင်္ဂါ | ၃ | ၅ | ၂ | ၄ | ၁ |
| ဗုဒ္ဓဟူး/ ကြာသပတေး | ၄ | ၁ | ၃ | ၅ | ၂ |
| သောကြာ | ၂ | ၄ | ၁ | ၃ | ၅ |

ဇယား(၇)

စနေနေ့တွင် ဤဇယားကိုကြည့်ဟောပါ။

| | ပထမ အခါ | ဒုတိယ အခါ | တတိယ အခါ | စတုတ္ထ အခါ | ပဉ္စမ အခါ |
|---|---|---|---|---|---|
| တနင်္ဂနွေ | ၅ | ၂ | ၄ | ၁ | ၃ |
| တနင်္လာ/ စနေ | ၄ | ၁ | ၃ | ၅ | ၂ |
| အင်္ဂါ | ၂ | ၄ | ၁ | ၃ | ၅ |
| ဗုဒ္ဓဟူး/ ကြာသပတေး | ၃ | ၅ | ၂ | ၄ | ၁ |
| သောကြာ | ၁ | ၃ | ၅ | ၂ | ၄ |

မောင်သူရလည်း ဇယား(၅)ခုကို ကြိုးစားပမ်းစား ကျက်မှတ်ရပြန်၏ ။ ဇယားများသည် ကျက်မှတ်ရခက်မည်ထင်သော်လည်း ဇယားတစ်ခုကျက်ပြီးနောက် ကျန်ဇယားများကို ကျက်မှတ် ရန် လွယ်ကူလွားကြောင်းတွေ့ရလေ၏ ။

တစ်နာရီခန့် ကြာသောအခါ မောင်သူရသည် ဇယားအားလုံးကို ကောင်းစွာ ကျေညက်သွား လေ၏ ။ တရုတ်အဘိုးကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍ . . .

"မောင်သူရ ဉာဏ်အလွန်ကောင်းတယ်၊ ဇယားတွေ အလွတ်ရပြီဆိုရင်တော့ ဟူရားမဟာ ဘုတ်နည်းကို ဟောလို့ရပြီပေါ့။ ရော့ . . . ဒါ မောင်သူရအတွက် ကျူပ်ပေးတဲ့ ဟောနည်းစာအုပ်"

ဟုဆိုကာ လက်တစ်ဝါးခန့်ရှိသော စာအုပ်ကလေးတစ်အုပ်ကို

ကမ်းပေးလေ၏။ စာအုပ် အဖုံးကို သားရေဖုံးနှင့်ဖုံးအုပ်ထား၏။

စာရွက်အသားများမှာ ဆီစိမ်စက္ကူဖြစ်ပြီးလွန်စွာ နက်မှောင်သော မင်နက်ဖြင့် ရေးသားထား ၏။ တရုတ်အဘိုးကြီး က . . .

"ဒီဗေဒင်နည်းဟာ အံ့သြလောက်အောင် မှန်ကန်တယ်၊ တွက်ရလည်း အလွန်လွယ်တယ်၊ ဇယား(၇)ခုကို ကျက်မှတ်ပြီးတာနဲ့ ဆရာတစ်ဆူလုပ်မယ်ဆို လုပ်လို့ရတယ်၊ ဒါပေမယ့် မောင်သူရ ကျုပ်ကို ကတိတစ်ခုတော့ ပေးရမယ်၊ အဲဒါကတော့ ဗေဒင်တွက်ပြီး ဉာဏ်ပူဇော်ခ မယူရဘူးဆိုတဲ့ ကတိပဲ၊ ဗေဒင်မေးသူက သဒ္ဓါပေါက်လို့ လှူဒါန်းရင် လက်ခံနိုင်တယ်၊ ဉာဏ်ပူဇော်ခကို ဘယ်ရွေ့ ဘယ်မျှလို့ တောင်းခွင့်မရှိဘူး"

ဟု ပြောဆိုလေရာ မောင်သူရက ခေါင်းညိတ်၍ . . .

"ကျုပ်ကတိပေးပါတယ်ဗျာ၊ ဉာဏ်ပူဇော်ခယူလို့လည်း မသင့်တော်ပါဘူး"

"မကြာမီ အရဏ်တက်တော့မယ် မောင်သူရ၊ ကျုပ်ခရီးဆက်တော့မယ်၊ ဆရာတော်ကြီးကို တော့ ကျုပ်ညကတည်းက လျှောက်ပြီးပြီ၊ ဗေဒင်ပညာနဲ့ ဆင်းရဲဒုက္ခရောက်နေသူတွေကို ကူညီပါ"

ဟု ဆိုလေ၏။

မောင်သူရက . . .

"စိတ်ချပါ၊ ကျုပ်အတတ်နိုင်ဆုံး ကူညီပါ့မယ်၊ ဒါနဲ့ နာမည်ပြောသွားပါဦး၊ ကျုပ်ရဲ့ကျေးဇူးရှင် နာမည်ကို သိချင်လို့ပါ။ နေရပ်လိပ်စာကိုလည်း ပြောပါဦး"

ဟု မေးမြန်းလေ၏။ ထိုအခါ တရုတ်အဘိုးကြီးက တဟားဟား ရယ်မော၍ . . .

"ကျုပ်နာမည် ဦးချိန်တီလို့ခေါ်တယ်၊ ကျုပ်မှာ နေရပ်လိပ်စာမရှိဘူး၊ ခြေသလုံးအိမ်တိုင် သွားလာနေတဲ့သူပဲ၊ ကျုပ်ဟာ တိမ်လိုလွင့်တယ်၊ လေနဲ့အတူသွားပြီး လေနဲ့အတူလာတယ်၊ ကျုပ် ဟာ အတိတ်နဲ့ အနာဂတ်ကို မယုံဘူး၊ ပစ္စုပ္ပန်ထဲမှာပဲ နေတယ်၊ ဒါကြောင့် ကျုပ်ကိုကျေးဇူးတင်ဖို့ မကြိုးစားပါနဲ့၊ အတိတ်နဲ့ အနာဂတ်မရှိတဲ့သူဟာ ကျေးဇူးတင်ခံရခြင်းဆိုတာလည်း မရှိနိုင်ဘူး"

ဟု ပြောဆိုကာ ဘုန်ကြီးကျောင်းဝင်းအတွင်းမှ ထွက်ခွာသွားလေ၏ ။ မောင်သူရသည် ပဟေဠိဆန်သော အဘိုးကြီးကို မျက်စိတဆုံးကြည့်၍ ကျန်ခဲ့လေ၏ ။

သူသည် ကျောင်းထဲသို့ ပြန်ရောက်သောအခါ ဆီမီးခွက်ကလေးကို ထွန်းညှိ၍ သူ့အား တရုတ်ကြီးဦးချိန်တီပေးခဲ့သော စာအုပ်လေးကို လှန်လှောကြည့်လေ၏ ။ စာအုပ်ထဲတွင်ဟူးရား မဟာဘုတ်ဗေဒင်ဟောကွက်များကို အောက်ပါအတိုင်း တွေ့ရလေ၏ ။

## အထက်
## အထွန်း (၁)
## အကောင်းဆုံး အချိန်

အလုပ်အကိုင် - အလုပ်အကိုင် အဆင်ပြေမည်။ အစိုးရဝန်ထမ်းဖြစ်ကရာထူးတက်မည်။ တစ်လအတွင်း အမိန့်စာထွက်မည်။ ရာထူးကျနေသူဖြစ်က မူလရာထူးကို မကြာမီ ပြန်ရတော့မည်။

စီးပွားရေး - ငွေဝင်လမ်းရှိသည်။ စီးပွားရေးတိုက်တက်မည်။ ငွေကြေးချောင်ချောင် လည်လည် သုံးစွဲရမည်။ အကြွေးပြန်ရမည်။

ကျန်းမာရေး - ကျန်းမာရေးကောင်းသည်။ စိုးရိမ်စရာမရှိ။ အနာရောဂါရှိလျှင် မကြာမီ သက်သာပျောက်ကင်းတော့မည်။ နာဖျားသူဖြစ်က ဆရာကောင်းသမား ကောင်းနှင့် တွေ့မည်။

အချစ်ရေး - အချစ်ရေးကောင်းသည်။ ရည်ရွယ်ထားသူနှင့် မကြာမီ အဆင်ပြေတော့မည်။ လက်ထပ်ရန်ရည်ရွယ်ထားသူရှိက လက်ထပ်ရန် အလွန်ကောင်းသည်။ အပျိုကြီး လူပျိုကြီးများ မကြာမီ အိမ်ထောင်ကျတော့မည်။ အိမ်ထောင်ရေး အဆင်မပြေသူဖြစ်က အချစ်ဟောင်းနှင့် ပြန်ပေါင်းရမည်။ အပျိုကြီး လူပျိုကြီး များ အစိုးရဝန်ထမ်းနှင့် အိမ်ထောင်ကျမည်။ ဗေဒင်မေးသူက ကုန်သည်ဆို လျှင် အစိုးရအရာရှိသားသမီးများနှင့် အိမ်ထောင်ကျတတ်သည်။

နိုင်ငံခြားခရီး - နိုင်ငံခြားခရီး အဆင်ပြေမည်။ သွားဖို့ပြင်ဆင်ထားလျှင် လပိုင်းအတွင်း သွားရ တော့မည်။

အကြံအစည် - အကြံအစည် အောင်မြင်နိုင်မည်။

အမှုအခင်း - အမှုအခင်းရှိလျှင် အမှုနိုင်မည်။

ဥစ္စာပျောက် - ဥစ္စာပျောက်နေလျှင် ပြန်ရလိမ့်မည်။ တစ်လအတွင်း ပြန်ရမည်။

တွေ့လိုသူ

အိမ်တွင်ရှိမရှိ - တွေ့နိုင်သည်။ အိမ်တွင်အသင့်ရှိသည်။

## မြောက်
## သိုက် (၂)
## ကောင်းသောအချိန်)

အလုပ်အကိုင် - အလုပ်ထဲတွင် အဆင်ပြေမည်။ ရာထူးတက်ကိန်းရှိသည်။ အလုပ်တွင် အပြိုင်အဆိုင်ရှိက အနိုင်ရမည်။

စီးပွားရေး - ငွေရေးကြေးရေး မခက်ခဲသောကာလဖြစ်မည်။ လက်ငင်းငွေမရှိလျှင် မကြာမီ ငွေရလိမ့်မည်။ တစ်နည်းနည်းဖြင့် ငွေရေးကြေးရေး အဆင်ပြေသွားလိမ့်မည်။ စိတ်ပူစရာမရှိသော ကာလ ဖြစ်သည်။

ကျန်းမာရေး - အိမ်မှာ လူမမာရှိလျှင် ရောဂါသက်သာပျောက်ကင်းတော့မည်။ ဆေးရုံ တက်နေလျှင် မကြာမီဆင်းရတော့မည်။ ဝေဒနာ သက်သာလာမည်။ အနာနှင့်ဆေး တည့်သွားလိမ့်မည်။

အချစ်ရေး - အချစ်ရေးအဆင်ပြေလိမ့်မည်။ ကမ်းလှမ်းသော ကိစ္စအဆင်ပြေမည်။ အိမ် ထောင်ရေး သာယာမည်။ စိတ်ချမ်းသာရသော ကာလဖြစ်သည်။

နိုင်ငံခြား - နိုင်ငံခြားသွားဖို့ ရည်ရွယ်ထားလျှင် အဆင်ပြေမည်။ အခက်အခဲရှိလျှင် မကြာမီပြေလည်သွားလိမ့်မည်။

အကြံအစည် - ရည်ရွယ်ထားသောကိစ္စ အဆင်ပြေမည်။ အကူအညီပေးမည့်သူ ပေါ်လာ မည်။

အမှုအခင်း - စိတ်ပူစရာမရှိ၊ အမှုနိုင်မည်။

ဥစ္စာပျောက် - ပြန်ရမည်၊ ဆုံးရှုံးမှုမရှိ။

တွေလိုသူ

အိမ်တွင်ရှိ/မရှိ - တွေ့နိုင်သည်။ အိမ်တွင် အသင့်ရှိသည်။

## အောက်
## အဓိပတိ (၃)
## အကောင်းအဆိုးရောနှောချိန်

အလုပ်အကိုင် - အဆင်ပြေတစ်ရက်၊ မပြေတစ်ရက် ဖြစ်နေမည်။ ငွေရေးကြေးရေးကိစ္စ ရည်မှန်းထားသလောက်ဖြစ်မလာသေး။ သို့သော် စိတ်ပူစရာမရှိ၊ အခက် အခဲရှိသော်လည်း ပြေလည်သွားလိမ့်မည်။

စီးပွားရေး - ရစရာရှိသောငွေများ၊ တစ်ဝက်သာရလိမ့်မည်။

ငွေဝင်လမ်းရှိသော်လည်း အပြည့်အဝမရနိုင်သေး။

ကျန်းမာရေး - ဆေးရုံတင်ထားသူရှိက ပထမဆရာနှင့် မပျောက် မကျန်းမာသောရောဂါ ရှိလျှင် မကြာမီ ပျောက်ကင်းသွားပါလိမ့်မည်။

အချစ်ရေး - စိတ်တိုင်းကျအောင် အဆင်မပြေနိုင်သေး၊ လင်မယားများ တစ်ယောက်နှင့် တစ်ယောက်နားလည်မှု လွဲမှားနေဦးမည်။ သို့သော် မကြာမီအဆင်ပြေလိမ့် မည်။

နိုင်ငံခြား - နိုင်ငံခြားခရီးအတွက် အခက်အခဲရှိသော်လည်း မကြာမီ အောင်မြင်လိမ့် မည်။

မကြံအစည် - ရည်မှန်းချက်များ တစ်ဝက်တစ်ပျက်သာ အောင်မြင်မည်။ ရည်မှန်းထား သလောက် ဖြစ်မလာ။

အမှုအခင်း - အမှုဆိုင်နေရလျှင် ရှုံးမလိုဖြစ်နေပြီး အဆုံးရောက်မှ အောင်မြင်လိမ့်မည်။

ဥစ္စာပျောက် - တစ်ဝက်သာ ပြန်ရလိမ့်မည်။

တွေ့လိုသူ

အိမ်တွင် ရှိ/မရှိ - ပထမအကြိမ်သွားက မရှိ၊ ဒုတိယ အကြိမ်သွားမှ တွေ့မည်။

## တောင်
## ဘင် (၄)
## ညံ့သောအချိန်

အလုပ်အကိုင် - အဆင်မပြေနိုင်သေး၊ အခက်အခဲ တွေ့နေလိမ့်မည်။ ရာထူးတက်ရန် မရှိ။

စီးပွားရေး - အခက်အခဲရှိသည်။ ငွေကြေးဆုံးရှုံးမှုရှိသည်။

အကြွေးတင်နိုင်သည်။

ကျန်းမာရေး - ကျန်းမာရေးမကောင်း၊ မနာမကျန်းဖြစ်လျှင် ရက်အတော်ကြာမှ ပျောက်မည်။ ငွေကုန်ကြေးကျများမည်။

အချစ်ရေး - အချစ်ရေးမကောင်း၊ စိတ်ဆင်းရဲရမည်။ ရတာ မလို လိုတာမရ ဖြစ်နေလိမ့် မည်။ အိမ်ထောင်ရေး အခက်အခဲရှိမည်။ လူပျိုကြီး အပျိုကြီးများ အိမ်ထောင် ပြုလျှင် အခက်အခဲတွေ့ရလိမ့်မည်။ ချစ်သူနှင့် သဘောထား ကွဲလွဲမည်။

နိုင်ငံခြား - နိုင်ငံခြားခရီး အဆင်မပြေနိုင်သေး။ လူလိမ်ခံရတတ်သည်။ အခက်အခဲတွေ့ လိမ့်မည်။

အကြံအစည် - အကြံအစည် မအောင်မြင်နိုင်ပါ။ အခက်အခဲ တွေ့လိမ့်မည်။

အမှုအခင်း - အမှုရင်ဆိုင်ရာတွင် ရှုံးဖို့ရှိသည်။

ဥစ္စာပျောက် - ပျောက်ဆုံးသွားသော ပစ္စည်းပြန်မရပါ။ ဆုံးရှုံးလိမ့်မည်။

တွေ့လိုသူ

အိမ်တွင်ရှိ/မရှိ - အိမ်တွင်မရှိပါ။

## အလယ်
## မရဏ (၅)
## အည့်ဆုံးအချိန်

အလုပ်အကိုင် - အလုပ်အကိုင်မကောင်း၊ ဘာလုပ်လုပ် အဆင်မပြေသောကာလဖြစ်သည်။ ရာထူးကျသောသူများ မူလရာထူး ပြန်မရနိုင်သေး။ အခက်အခဲတွေ့နေသော ကာလဖြစ်သည်။

စီးပွားရေး - အဆင်မပြေပါ။ ငွေများဆုံးရှုံးနေမည်။ ဝင်ငွေထွက်ငွေ

များနေပြီး ရှာ မလောက်ဖြစ်လို့ စိတ်ညစ်နေမည်။ ကြွေးတင်နိုင်သည်။ ကြွေးဆပ်ဖို့ အခက် အခဲရှိသည်။

ကျန်းမာရေး - ညံ့သည်။ အသည်းအသန်လူနာဆိုရင် အသက်ဘေး စိုးရိမ်ရမည်။ ရောဂါ ရှိလျှင် အမြန်ဆုံးကုသရမည်။

အချစ်ရေး - အချစ်ရေးလုံးဝမကောင်း။ အိမ်ထောင်ရေးတွင် အခက်အခဲရှိမည်။ ချစ်သူနှင့် သဘောထားကွဲလွဲတတ်သည်။

နိုင်ငံခြား - နိုင်ငံခြားခရီး လုံးဝမသွားသင့်သောအချိန်ဖြစ်သည်။

အကြံအစည် - အကြံအစည် မအောင်မြင်နိုင်ပါ။ အခက်အခဲ တွေ့လိမ့်မည်။

အမှုအခင်း - အမှုအခင်းအဖြစ်များမည့်ကာလဖြစ်သည်။

ဥစ္စာပျောက် - ပျောက်ဆုံးသွားသော ပစ္စည်းပြန်မရပါ။ ဆုံးရှုံးလိမ့်မည်။

တွေ့လိုသူ

အိမ်တွင်ရှိ/မရှိ - အိမ်တွင်မရှိပါ။

* *